စံပြကျေးရွာ

မိုးကောင်းကျေးရွာအုပ်စု

စဉ့်ကိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စံပြကျေးရွာ၊ စဉ့်ကိုင်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဧပြီလ

မာတိကာ

ခေါင်းစဉ် စာမျက်နှာ

မာတိကာ ၂
စကားချီး ၆
စံပြကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ စဉ့်ကိုင်မြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၄
(က) လူဦးရေဆိုင်ရာအချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၈
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(၈) အခြေခံ အဆောက်အဦ- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(၈၂) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၂၂
အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၃
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ၂၄
ကျသော ချိတ်ဆက်မှုများ
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း
(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး
(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ
(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအဆောက်အပံ့
(င) ကျေးလက်စျေးဆောက်လုပ်ရေးနှင့် သားငါးလိုင်စင်ချထားမှု
(စ) စိုက်/မွေးထုတ်ကုန်များ စျေးကွက်မတည်ငြိမ်ခြင်းနှင့်အလေးတင်းတောင်းမှန်ကန်မှုမရှိခြင်း
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၂၇
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၃၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် ၃၅
အစီအစဉ်များ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်

အတွက် အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကဲဖြတ်ပွဲ

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၈
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခ နှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ**
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ **ကျောင်းတက်နှုန်း**
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၃ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ **လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား/မရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ၊
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ **လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား ၄၅ **ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၉

ကိုးကားစာရင်း ၈၇
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၈
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်သည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစုစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ တို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည့် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


မေ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စံပြကျေးရွာ

စဉ့်ကိုင်မြို့နယ်

စံပြကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ စဉ့်ကိုင်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ -

ကျေးရွာဆိုသည်မှာ ယဉ်ကျေးမှု၊ ဓလေ့ထုံစံတူသူများ၊ နီစပ်သူများ၊ ဆွေမျိုးမကင်းသူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆင်တူသူများ၊ နီးစပ်မှုရှိသူများ စုပေါင်းနေထိုင်ရာနေရာကို ခေါ်သည်။ ကျေးရွာနှင့်မြို့ကွာခြားချက်မှမှာ အစိုးရဘဏ်များမရှိသောကြောင့် ကျေးရွာဟု သတ်မှတ်ကြသည်။ စဉ့်ကိုင်မြို့နယ်တွင် အစိုးရအမည်ပေါက် ကျေးရွာပေါင်း(၁၆၃)ရွာရှိပြီး တစ်နိုင်ငံလုံးတွင်ရှိသော ကျေးလက်မြို့နယ်ပေါင်း(၃၃၀) မြို့နယ်အတွင်း အစိုးရအသိမှတ်ပြု ကျေးရွာပေါင်း(၆၄,၈၉၉)ရှိပါသည်။

ဖွံ့ဖြိုးရေးဆိုသည်မှာ လက်ရှိအခြေအနေမှ ပိုမိုကောင်းမွန်သောအခြေနေသို့ အစီစဉ်တကျ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ဖွံ့ဖြိုးရေးတွင်လည်း ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် စိတ်ပိုင်း ဆိုင်ရာဖွံ့ဖြိုးရေးဟူ၍ နှစ်ပိုင်းရှိသည်။ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အဆောက်အဦးများ တိုးတက်ကောင်းမွန်လာခြင်း၊ လျှပ်စစ်မီးရရှိလာခြင်း၊ယာဉ်/ကား၊ စက်ကိရိယာစသည့်တို့ ပိုမို ခေတ်မီကောင်းမွန်လာခြင်း၊ ဖုန်းနှင့် ဆက်သွယ်ရေးများပိုမိုကောင်းမွန်လာခြင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းများပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီလာခြင်းစသည့်တို့ကိုဆိုလိုသည်။ စိတ်ပိုင်းဆိုင်ရာ ဆိုသည်မှာ အသိပညာ၊အတတ်ပညာ များတိုးတက်လာခြင်းကိုဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု နှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတွင် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသည် အရေးကြီးသည်။

ရေရှည်ဖွံ့ဖြိုးရေးဆိုသည်မှာ နောက်မျိုးဆက်တွေကိုမထိခိုက်စေဘဲ ဖွံ့ဖြိုးခြင်းနှင့် သဘာဝ အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူအသုံးမပြုဘဲ ဖွံ့ဖြိုးမှသာ ရေရှည်ဖွံ့ဖြိုးရေး ဖြစ်သည်။

တည်ငြိမ်သောဖွံ့ဖြိုးရေးဆိုသည်မှာ မမျှော်လင့်သော ဘေးအန္တရာယ် ကြုံကြံခံနိုင်ရည်ရှိပြီး ပြန်လည် ရုန်းထနိုင်သော အရည်အချင်း ၊ စီးပွါးရေးဆိုင်ရာ အရင်းအနှီး၊ နည်းပညာ ၊ ဗဟုသုတ ၊

လူမှုရေး အရင်းမနှီး၊ အဆောင်အဦးနှင့် ရုပ်ပိုင်းဆိုင်ရာအရင်းအနှီး၊ လူစွမ်းအားအရင်းအမြစ်၊ သဘာဝ အရင်းအမြစ် ရှိနေခြင်းကိုဆိုလိုသည်။

၁.၂ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံက အလေးထားမိလာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါ သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရခြင်း၏ **ရည်ရွယ်ချက်မှာ-**

(၁) ကျေးရွာသူရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် ရေးဆွဲနိုင်စေရန်နှင့် ၄င်းတစ်ရွာလုံးသဘောတူ ပါဝင်ရေးဆွဲထားသော ကျေးရွာစီမံကိန်းကို စာအုပ်ဖြင့် စနစ် တကျ မှတ်တမ်းတင် ထားရှိရန်။

(၂) ကျေးရွာလူထုအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ စဉ်ဆက်မပြတ် ဆောက်ရွက်နိုင်ရန် စီမံကိန်းမှတ်တမ်းက လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုရန်။

(၃) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်းအား အခြေခံပြီး မြို့နယ်အဆင့်အစိုးရဌာနဆိုင်ရာအဖွဲ့ အစည်းများက ၄င်းတို့၏ နှစ်စဉ်ဘတ်ဂျက်နှင့်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာ၏ လိုအပ်ချက်များ အတိုင်း ထင်ဟပ်စေမည့် ဦးစားပေး အစီအစဉ်များကို ထည့်သွင်းရေးဆွဲရန်။

၁.၃ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ အသုံးဝင်မှု

ကျေးရွာအတွက်အသုံးဝင်မှု

ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ရေးဆွဲထားသော စီမံကိန်းများကို စနစ်တကျ မှတ်တမ်းတင် ထားခြင်းဖြင့် အစိုးရဌာနဆိုင်ရာများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သော ဖွံ့ဖြိုးရေး အဖွဲ့များ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များ၊ ကုမ္ပဏီများနှင့်အလွယ်တကူချိတ်ဆက်နိုင်မည်။

အစိုးရဌာနများအတွက် အသုံးဝင်မှု

အစိုးရဌာနများအနေဖြင့် ၄င်းတို့၏ ဌာနအသီးသီးအနေဖြင့် နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များကို ထင်ဟပ်စေမည့် လုပ်ငန်းများကို အခြေခံ၍ ဦးစားပေး စီမံကိန်းများ ရေးဆွဲနိုင်မည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ၊ စီမံကိန်းအသစ်များ ရေးဆွဲချမှတ်ရာတွင် မိမိတို့နိုင်ငံအတွင်းရှိ ကျေးရွာများ၏ လိုအပ်ချက်နှင့် အခြေအနေမှန်များကို ထင်ဟပ်စေမည့် မူဝါဒများကို ချမှတ်ရေးဆွဲရာတွင် များစွာအထောက်အကူ ဖြစ်စေမည်။

ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ စိတ်ဝင်စားသော လုပ်ငန်းများ အတွက် လိုအပ်သော မှန်ကန်သည့် ကိန်း၊ ဂဏန်းအချက်အလက်များကို အဆင်သင့်ရရှိနိုင်ပြီး အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့ အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၄ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မိမိတို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ၂၀၁၅ – ၂၀၁၆ခုနှစ်တွင် မြို့နယ် ၃၄မြို့နယ်မှ ကျေးရွာပေါင်း **၁၇၀** တွင်လည်းကောင်း၊ ၂၀၁၆–၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း **၂၀**မြို့နယ်မှ ကျေးရွာပေါင်း(၃၄၀)ရွာ၊ စုစုပေါင်းကျေးရွာ(၅၁၀)ရွာ ရေးဆွဲနိုင်ခဲ့ပါသည်။

၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်(၄၉)မြို့နယ်မှ ကျေးရွာ(၈၃၄)နှင့် လူထုဗဟိုပြုစီမံကိန်း ရေးဆွဲလျက်ရှိသော မြို့နယ်၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲလျက် ရှိသောမြို့နယ်များမှအပ ကျန်မြို့နယ် (၁၆၆) မြို့နယ်မှ ကျေးရွာ (၁၆၆)ရွာ၊ စုစုပေါင်း

ကျေးရွာ(၁၀၀၀)တွင် ကျေးရွာ(၁)ရွာလျှင် ငွေကျပ် သိန်း(၁၀၀) နှုန်းထောက်ပံ့ပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် စဉ့်ကိုင်မြို့နယ်အနေဖြင့်လည်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် Pilotကျေးရွာအနေဖြင့် ကျေးရွာ(၁)ရွာကို ရေးဆွဲလျက်ရှိပါသည်။

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ

အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်နေအထား

ကျန်တော်တို့စံပြကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ်၏ အရှေ့ဘက်၂မိုင်ခန့်အကွာ တွင်တည်ရှိပါသည်။ မိုးကောင်းကျေးရွာအုပ်စု၊ စံပြကျေးရွာ သည် ပထဝီဝင်အနေအထားအရ အရှေ့လောင်ဂျီကျူ(၉၉ ´၄၅')၊ မြောက်လတ္တီကျူ(၂၀ ၂၀') ကြားတွင် တည်ရှိပါသည်။ မိုးနည်းရပ်ဝန်းတွင်ပါဝင်သည့် အပူပိုင်းဒေသဖြစ်ပါသည်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်မှာ၁၃.၃၅လက်မဖြစ်ပါသည်။ အမြင့်ဆုံးအပူချိန်မှာ(၄၁°C)ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ(၁၀°C) ရှိပါသည်။အရှေ့လောင်တီတွဒ် ၂၁.၆၊ မြောက်လတ်တီတွဒ် တွင် တည်ရှိပြီး စံပြကျေးရွာသည် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုသုံးမျိုးရှိပါသည်။ တစ်နှစ်ပတ်လုံး ဖိုရက်ခန့် မိုးရွာသွန်းလေ့ရှိပြီး မိုးရေချိန်လက်မ ဒီဂရီတွင်ရှိပြီး အပူပိုင်းရပ်ဝန်းဖြစ်သည်။ မြေအမျိုးအစားမှာလည်း သဲ၊နှုန်း မြေများ ဖြစ်သဖြင့် မြေအရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။

(ခ)သဘာဝအရင်းအမြစ်

ကျေးရွာရှိ သဘာဝအရင်းအမြစ်များတွင် ဇော်ဂျီမြစ်ရှိသော်လည်း သဲမသန့်ခြင်း၊ နှုန်းမြေများ ပါရှိခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အကြမ်းလုပ်ငန်းတွင်သာ အသုံးပြု နိုင်ပါသည်။ အနည်းငယ်အသုံးပြုကြပါသည်။ ကျေးရွာနှင့် (၂၀)မိုင်ခန့်သာဝေးသော မိုးကောင်း ကျေးရွာအုပ်စု ကျေးရွာအနီးရှိ တောင်ပေါ်မှကျသည့်သဲများသာ အများဆုံးအသုံးပြု လုပ်ကိုင်ကြ သည်။ ကျေးရွာ၏ အရှေ့တောင်ဘက်ရှိ ဘယ်လင်းတောင်မှ ကျောက်များထွက်ရှိသဖြင့် တွင်ကျယ်စွာ ထုတ်ယူအသုံးပြုကြသည်။ သဘာဝဆေးဘက်ဝင်အပင်များအနေဖြင့် ရှားစောင်း လက်ပက်၊ ဆင်တုံးမန္တယ်ပင်တို့ အနည်းငယ် ထွက်ရှိသော်လည်း သုံးစွဲရမည့် နည်းပညာဗဟုသုတ နည်းပါးခြင်းတို့ကြောင့် မြန်မာတိုင်းရင်း ဆေးအဖြစ် အသုံးပြုနိုင်ခြင်းမရှိပါ။ ဓာတ်သတ္တုများနှင့် အခြားသဘာဝရင်းမြစ်များ မထွက်ရှိကြောင်း တွေ့ရှိရပါသည်။ **ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၂၄၆)စု (၆၇%)၊၂.၅ကေအောက် ဆင်းရဲသော အိမ်ထောင်စု (၅၈)စု(၁၆%)၊ ၂.၅ကေနှင့် ၅ကေကြား ပိုင်ဆိုင်သော အိမ်ထောင်စု(၃၈)စု(၁၀.၄%)နှင့် ၅ကေမှ ၁၂.၅ကေကြား ပိုင်ဆိုင်သူအိမ်ထောင်စု (၂၁)စု (၅.၇%)နှင့် ၁၂.၅ကေအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု (၂)စု (၀.၅%)ရှိသည်ကို တွေ့ရသည်။ မြေယာမဲ့မိသားစုများမှ အထက်သားစက်ရုံ၊ CYT ချည်မျှင်စက်ရုံ၊ မန်းချည်မျှင် စက်ရုံများတွင် အများစုလုပ်ကိုင်စားသောက်ကြသော မိသားစုများ ဖြစ်သည်။**

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

ကျွန်တော်တို့စံပြကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၆၅) မှ လူဦးရေပေါင်း (၁၆၉၆) ကျား (၇၇၃)၊ မ(၉၂၃) ရှိသည့် တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄.၆၅) ရှိသဖြင့် မြန်မာနိုင်ငံ စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေတိုးပွါးမှု(၅%)ယောက်နှုန်းထက်အနည်း ငယ်သာ လျော့နည်း လျက်ရှိ သည်ကိုတွေ့ရပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ (၁၁၉၃)ဦးရှိပြီး မှီခိုသူ ဦးရေမှာ (၆၅၇)ဦးသာရှိသောကြောင့် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ အသင့်တင့်ရှိသည့်ကို တွေ့ရှိရပါသည်။ ၄င်းအလုပ်လုပ်နိုင်သော သူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေအတွက် အလားလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေအထက် အမျိုးသမီးဦးရေမှာ (၃၁)ဦး သာရှိသဖြင့် လူဦးရေမွေးဖွားနှုန်း အသင့်တင့်ရှိသည့်ကို တွေ့ရပါ သည်။ (၁)နှစ်(၅)နှစ်အောက် လူဦးရေ (၇၃)ဦးရှိသဖြင့် (၅)နှစ်အောက် ကာကွယ်ဆေးထိုးရမည့် အရေအတွက်ကို အတိအကျသိရှိနိုင်ပါသည်။ မူလတန်းနှင့်အလယ်တန်းကျောင်း နေအရွယ် လူဦးရေကိုသိရှိရသောကြောင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို

အလွယ်တကူနှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်ပါသည်။ (၆၀)နှစ် အထက် သက်ကြီးရွယ်ကြီး (၁၆၁)ယောက် ရှိသဖြင့် ကျန်းမာရေးအသင့်တင့်ရှိကြောင်း ခန့်မှန်း သိရှိနိုင်ပါသည်။

(ခ) **စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေ **ကျေးရွာ၏ အိမ်ထောင်စု(၃၆၅)အနက်စိုက်ပျိုးရေးအဓိက လုပ်ကိုင်သူ(၇၅)အိမ်ထောင်စု စိုက်ပျိုးရေး လုပ်ငန်းတွင် နေ့စားလုပ်ကိုင်သူအိမ်ထောင်စု (၅၃)၊ကျောက်ထုတ်လုပ်ငန်းတွင် လုပ်ကိုင်သူ(၁) အိမ်ထောင်စု၊ ကုန်ထုတ်ကိုယ်ပိုင်အိမ်ထောင်စု(၅)စု၊ အငှားလုပ်ကိုင်သူ အိမ်ထောင်စု (၈၅)စု၊ ဆောက်လုပ်ရေး ပန်းရံ၊ လက်သမားအိမ်ထောင်စုကိုယ်ပိုင်(၄)စု၊ နေ့စားလုပ်ကိုင်သူ အိမ်ထောင်စု(၂၁)စု၊ စက်ကိရိယာပြုပြင်ခြင်းလုပ်ငန်းကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စု(၂)စု၊ နေ့စား/လစားလုပ်ကိုင်သူ အိမ်ထောင်စု(၁)စု၊ ကျွမ်းကျင်ပညာရှင် အိမ်ထောင်စု(၃)စု၊ လက်လီ/ လက်ကားရောင်းဝယ်ရေး လုပ်ကိုင်သူအိမ်ထောင်စု(၂၅)စု၊ ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေးအိမ်ထောင်စု(၁၈)စု၊** အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ အိမ်ထောင်စု(၁)စု၊ ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများအိမ်ထောင်စု(၄)စု ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း အိမ်ထောင်စု(၈)စု ရှိပါသည်။၄င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မိသားစုဝင် လုပ်အားမှာ ၇၃၀ ဦးရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင် ပျမ်းမျှမိသားစုဝင် လုပ်အားအနေဖြင့် ၂ ယောက်နှုံး အလုပ်လုပ်နေကြရသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သောအရွယ် ၁၁၃၉ ရှိသော်လည်း အလုပ် လုပ်နေသူ ၁၀၅၇ ဦး၊ အထက်တန်းကျောင်းနေ ၂၃ ဦး၊ တက္ကသိုလ်ကျောင်းတက်နေသူ ၁၄ ဦး၊ စုစုပေါင်း ၁၀၉၄ သာ ရှိသေးသဖြင့် ကျန် အလုပ်လုပ်နိုင်သောအရွယ် ၄၅ဦး မှာ အလုပ်လက်မဲ့/ အလုပ်မရှိကြောင်းတွေ့ရသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစား(၇)မျိုး ရှိသည်ကိုတွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးနှင့် အနည်းဆုံးလုပ်အားခခွဲခြားမှုမရှိဘဲ တူညီစွာ၆၀၀၀ကျပ်လုပ်ခရရှိသည်။ အမျိုးအမီးများ၏ အများဆုံးနှင့်အနည်းဆုံးလုပ်အားခ ခွဲခြားမှု မရှိဘဲ(၄၀၀၀)ကျပ် တူညီစွာရရှိသည်။

ကုန်ထုတ်လုပ်ငန်းတွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုအရှိဘဲ (၄၇၀၀)ကျပ် တူညီစွာ ရရှိသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ (၈၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ (၆၀၀၀)ကျပ်ဖြစ်သည်။

ပန်းရံ၊လက်သမားလုပ်ငန်းတွင် ဝင်ငွေခြားနားရခြင်းမှာကျွမ်းကျင်မှု အပေါ်မူတည်ခြင်း ဖြစ်သည်။ အမျိုးသမီးများ၏အများဆုံးလုပ်အားခနှင့် အနည်းဆုံးလုပ်အားခခွဲခြားမှုအရှိဘဲ

(၄၀၀၀)ကျပ် ပျမ်းမျှ ဖြစ်ပါသည်။

ယာဉ်၊ စက်ကိရိယာ အိမ်သုံးပစ္စည်းများပြင်ဆင်ရေးတွင်အမျိုးသားများသာလုပ်ကိုင်ကြပြီး အများဆုံးလုပ်ခမှာ (၁၅၀၀)ကျပ်ဖြစ်ပြီးအနည်းဆုံးလုပ်ခမှာ(၁၀၀၀)ကျပ်ဖြစ်ပါသည်။ ပညာရေးဆက်လက် မသင်နိုင်သည့်ကလေးငယ်များလုပ်ကိုင်သည်ကိုတွေ့ရသည်။

ကျွမ်းကျင်ပညာရှင် လုပ်ငန်းတွင် အမျိုးသမီးများသာ လုပ်ကိုင်ကြပြီး အများဆုံး၊ အနည်းဆုံး ခွဲခြားမှုမရှိပဲ လုပ်ခ(၃၀၀၀)ကျပ် ရရှိသည်။

ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိဘဲ လုပ်ခ(၃၅၀၀)ကျပ်ဖြစ်ပါသည်။ ဤလုပ်ငန်းအားလုံးတွင် အလုပ်အားလုံးတွင် အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှုချင်းတူသော်လည်း လုပ်အားခ အနေဖြင့် ကျား/မများများစားစား ခွဲခြားမှုမရှိသည်ကို တွေ့ရသည်။

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၂၄၆)စု (၆၇%)၊ ၂.၅ဧကအောက်ဆင်းရဲသော အိမ်ထောင်စု (၅၈)စု(၁၆%)၊ ၂.၅ဧကနှင့် ၅ဧကကြားပိုင်ဆိုင်သောအိမ်ထောင်စု(၃၈)စု(၁၀.၄%)နှင့် ၅ဧကမှ၁၂.၅ဧက ကြား ပိုင်ဆိုင်သူအိမ်ထောင်စု(၂၁)စု(၅.၇%)နှင့် ၁၂.၅ဧကအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၂)စု (၀.၅%)ရှိသည်ကိုတွေ့ရသည်။ မြေယာမဲ့မိသားစုများမှ အထက်သားစက်ရုံ၊ CYTချည်မျှင်စက်ရုံ၊ မန်းချည်မျှင်စက်ရုံများတွင် အများစုလုပ်ကိုင်စားသောက်ကြသော မိသားစုများ ဖြစ်သည်။

ကျေးရွာတွင် လက်တွန်းထွန်စက်(၂၆)စင်း၊ ရိတ်သိမ်းခြွေလှေ့စက်(၁)စင်း၊ ရေစုပ်စက်(၇)ခုနှင့် မြက်ရိတ်စက်(၁၁)သာ တစ်ဦးချင်းပိုင်ဆိုင်ပြီး ထွန်စက်အား၁ဧက(၆၀၀၀)ကျပ်ဖြင့် အငှားလုပ်ကိုင်ကြသည်။ ရိတ်သိမ်းခြွေလှေ့စက်အား (၁)ဧက(၆၀၀၀)ကျပ်ဖြင့် အငှားလုပ်ကိုင် ကြသည်။ စပါးရိတ်သိမ်းချိန်တွင် စက်ကိရိယာလုံလောက်မှု မရှိသောကြောင့် ရိတ်သိမ်း ခြွေလှေ့စက်အား အရစ်ကျရောင်းချပေးသည့် အစီအစဉ်ရှိပါက ပိုမိုအဆင်ပြေနိုင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည် အရေးပါသည်ကိုတွေ့ရသည်။ ကျေးရွာ၏ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့် သတ်မှတ်ထားသည်။ အဆင်ပြေသော အဆင့် အိမ်ထောင်စု(၁၆)အိမ် (၄%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၆၇)စု (၁၈.၄%)၊အပြေလည်သောအိမ်ထောင်စု(၂၅၄)စု(၆၉.၆%) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၈)စု(၈%)ရှိသည်။ထို့ကြောင့် အဆင်ပြေသောအဆင့်(၁၆)အိမ်(၄%)၊ အလယ်အလတ်အဆင့်

(၆၇)အိမ် (၁၈.၄%)သာ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံမှု ရှိပါသည်။ ကျန်မပြေလည်သော အိမ်ထောင်စု(၂၅၄)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၂၈)စုသည် တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံမှု၏ ၈၅အိမ်(၃၀%)မှာ ချည်မျှင်စက်ရုံ၊ အထပ်သားစက်ရုံများတွင် အလုပ်လုပ်ကိုင်နေသည့်အတွက် ဝမ်းစာဖူလုံကြသည်ကိုတွေ့ရပါသည်။(၈)အိမ်သာ ဝမ်းစာဖူလုံမှု မရှိကြောင်းတွေ့ရသည်။

ကျေးရွာတွင်ဆင်းရဲ၍ မိသားစုများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၃)စုရှိပြီး လည်းကောင်းတို့သည် ထိခိုက်လွယ်မှုမြင့်သည်။ ရိက္ခာပျက်လက်ပါက ရက်ဆွေရပ်မျိုးနှင့် အိမ်နီးချင်းများမှ ကူညီပေးကြသည်။

(ဃ)ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကျပြီး အစားအစာကို အနည်းဆုံး အကြွေးဝယ်ယူစားသောက်နိုင်ကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးရွာတွင်ကျေးရွာသူ/သားများ ကျန်းမာရေးကောင်းမွန်ကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ နှစ်စဉ်ဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။ ရွာတွင်းရေဆိုး ထုတ်မြောင်းသည် စီးဆင်းမှုမရှိ၊ ရေဝပ်နေသောကြောင့် ခြင်များပိုမိုပေါက်ဖွားလျက်ရှိသဖြင့် ကျောက်စီနံရံရေဆိုးထုတ်မြောင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ သွေးလွန်တုပ်ကွေးရောဂါ၊ဝမ်းပျက်ဝမ်းလျောရောဂါ၊တီဘီ၊ ဆီးချိုသွေးတိုးရောဂါတို့ ဖြစ်ပါသည်။ အမျိုးသမီးများမှာ ဆီးချိုသွေးတိုးအဖြစ်များပါသည်။ နေ့စဉ်သုံးစွဲနေသော အစာအစားများမှာ သန့်ရှင်မှုနည်းပါးခြင်း၊ စားသုံးဆီများမသန့်ခြင်း၊ အော်ဂစ်နှစ် ဟင်းသီးဟင်းရွက်များမရှိခြင်း၊ ကြီးထွားဆေးများဖြင့်ပြုလုပ်ထားသော အသားငါးများ စားသုံးနေ ရခြင်း၊ ဓါတုပစ္စည်းဖြင့်ပြုလုပ်ထားသော အသီးများစားသုံးနေရခြင်း၊ ဟင်းခတ်မှုန့်၊ အချိုမှုန့်များ အလွန်အကျွံသုံးစွဲခြင်း၊ ကျန်းမာရေးဗဟုသုတအားနည်းခြင်းကြောင့် ကျန်းမာရေး အားကစား ပစ္စည်းကိရိယာ မရှိခြင်းကြောင့် ရောဂါများဖြစ်ပွားမှုရှိပါသည်။ လိမ်မှုကူးစက်နိုင်သော ရောဂါနိမ့်သည်။ အများစုမှာ ဆင်းရဲသားများသောကြောင့် အာဟာရချို့တဲ့မှုရှိပါသည်။ သို့သော် နိမ့်သည်။

(င)ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း များတွင် အလုပ်သမားအဖြစ်လုပ်ကိုင်ကြပြီး ကျေးရွာ၏ အိမ်ထောင်စု(၃၆၅)အနက် စိုက်ပျိုးရေး အဓိကလုပ်ကိုင်သူ(၇၅)အိမ်ထောင်စုစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားလုပ်ကိုင်သူအိမ်ထောင်စု (၅၃)၊ ကျောက်ထုတ်လုပ်ငန်းတွင် လုပ်ကိုင်သူ(၁)အိမ်ထောင်စု၊ကုန်ထုတ်ကိုယ်ပိုင်အိမ်ထောင်စု(၅)စု၊

အင္ဒား လုပ်ကိုင်သူအိမ်ထောင်စု(၈၅)စု၊ ဆောက်လုပ်ရေးပန်းရံ၊ လက်သမား အိမ်ထောင်စု ကိုယ်ပိုင်(၄)စု၊ နေ့စားလုပ်ကိုင်သူ အိမ်ထောင်စု(၂၁)စု၊ စက်ကိရိယာပြုပြင်ခြင်းလုပ်ငန်း ကိုယ်ပိုင် လုပ်ကိုင်သူအိမ်ထောင်စု(၂)စု၊ နေ့စား/လစားလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ ကျွမ်းကျင်ပညာရှင် အိမ်ထောင်စု(၃)စု၊ လက်လီ/လက်ကားရောင်းဝယ်ရေး လုပ်ကိုင်သူအိမ်ထောင်စု(၂၅)စု၊ ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေးအိမ်ထောင်စု(၁၈)စု၊ အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများအိမ်ထောင်စု(၁)စု၊ ပြင်ပအဖွဲ့ အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများအိမ်ထောင်စု(၄)စု ၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်းအိမ်ထောင်စု(၈)စု ရှိပါသည်။ ၄င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မိသားစုဝင် လပ်အားမှာ ၇၃၀ ဦးရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင် ပျမ်းမျှမိသားစုဝင် လုပ်အားအနေဖြင့် ၂ ယောက်နှုန်း အလုပ်လုပ်နေကြရသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သော အရွယ် ၁၁၃၉ ရှိသော်လည်း အလုပ်လုပ်နေသူ ၁၀၅၇ ဦး၊ အထက်တန်းကျောင်းနေ ၂၃ ဦး၊ တက္ကသိုလ်ကျောင်းတက်နေသူ ၁၄ ဦး၊ စုစုပေါင်း ၁၀၉၄ သာရှိသေးသဖြင့် ကျန်အလုပ် လုပ်နိုင်သော အရွယ် ၄၅ဦး မှာ အလုပ်လက်မဲ့/ အလုပ်မရှိကြောင်းတွေ့ရသည်။

(စ)ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအရ ကျားမခွဲခြားဆက်ဆံမှုအနေဖြင့် ကြီးမားသော ပြဿနာများ၊ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ အမျိုးသား ၊ အမျိုးသမီးများသည် သာမန်အားဖြင့် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော်ကျေးရွာအတွင်း လူမှုအဖွဲ့ အစည်းများ ဖွဲ့စည်းရာတွင် အမျိုးသမီးများ ပါဝင်ဖွဲ့စည်းခြင်း ၊အရေးပါသည့် ဆုံးဖြတ်ချက် ချသည့်အခါတွင်လည်း အစည်းအဝေးခေါ်ယူ၍ အများဆန္ဒသဘောတူ ဆုံးဖြတ်ကြသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း(၉)ဖွဲ့ရှိသည်။ ငွေကြေး၊ ကျန်းမာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးခြေခံသောအဖွဲ့(၂)ဖွဲ့၊ပညာရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့၊ ငွေကြေး၊ ကျန်းမာရေးကိုအခြေခံသောအဖွဲ့(၂)ဖွဲ့ရှိပြီး ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းထားသော အဖွဲ့များ ဖြစ်သည်။ ဖွဲ့စည်းဆိုင်ရာစီမံခန့်ခွဲမှုမှတ်တမ်းနှင့် စာရင်းဇယားစနစ်တကျရေးသွင်းမှုစနစ်တကျ ထိန်းသိမ်းမှု ရှိကြသည်။

၎င်းအဖွဲ့ ၅ဖွဲ့အနက် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးရွာလူထု ကိုယ်တိုင်ဖွဲ့စည်းသော အဖွဲ့မှာ(၅)ဖွဲ့ရှိပြီး ကျန်(၄)ဖွဲ့မှာ ပြင်ပမှ မူအရဖွဲ့စည်းထားသော အဖွဲ့များဖြစ်သည်။ ၎င်းအဖွဲ့များကို

လေ့လာရာတွင်လည်း ကျေးရွာလူထုမှ ကျေးရွာ၏ လိုအပ်ချက်အရ လူထုကိုယ်တိုင်ဖွဲ့စည်းသော အဖွဲ့များသာ ရေရှည်ကြာရှည်ရပ်တည်လေ့ရှိပြီး အဖွဲ့သားအချင်းချင်း အပြန်အလှန် ယုံကြည်မှု အပြည့်အဝရှိကြသည်။တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိကြသည်။ အထူးလှုံဆော်ရန်မလိုဘဲ စည်းလုံးမှု၊တက်ကြွမှုရှိကြသည်။ ပြင်ပမှ ဦးဆောင်လာရောက်ဖွဲ့စည်းသော အဖွဲ့များမှာ ရေရှည်ခံလေ့မရှိဘဲ လုပ်ငန်းပြီးပါက ပျောက်ကွယ်သွားလေ့ရှိသည်။ အပြန်အလှန်ယုံကြည်မှုမရှိ အားနည်းကြသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု ၊ မှတ်တမ်းနှင့် စရင်းဇယား၊ စနစ်တကျ ရေးသွင်းမှု၊ စနစ်တကျ ထိန်းသိမ်းမှု အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှုစသည့် စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများရရှိနိုင်ပါက အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ၃၇.၃၈က၊ ယာမြေ၁၇၈က၊ ဥယျာဉ်ခြံမြေ၃၈က၊ ကိုင်း/ကျွန်းမြေ၅.၂၅စုစုပေါင်းစိုက်ပျိုးမြေ၃၇၀.၅၅၈ကရှိသည်။ စိုက်ပျိုးမြေအားလုံး၏ မြေအရည် အသွေးမှာ အသင့်အတင့်ဖြစ်ပါသည်။ ဆည်မှ ဆောင်းစပါးသာစိုက်ပျိုးနိုင်အောင် လုံလောက်စွာသွင်းရေပေးပြီး ကျန်ရာသီချိန်တွင် ရေပုံမှန်ပေးခြင်းမရှိခြင်းကြောင့် မိုးရေကိုသာ အားကိုးစိုက်ပျိုးရပါသည်။ (၃၆၅)၈ ကဆောင်းစပါးစိုက်ပျိုးပြီး တပိုတွဲလမှစ၍ နှမ်းစိုက်သည့် တောင်သူ၊ ပဲတီစိမ်းစိုက်သည့်တောင်သူ၊ စပါးပေါ်စောသောတောင်သူများမှ ပြာသိုလမှ ကုလားပဲများ စိုက်ပျိုးကြသည်။ ကျန်လယ်များမှာ ဆောင်းစပါးသာစိုက်ပျိုးပြီး ကျန်ရာသီတွင် စိုက်ပျိုးခြင်းမရှိသည်ကို တွေ့ရသည်။ တောင်သူများသည် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများတွင် ဖျက်ပိုးများကျရောက်တက်ပြီး နည်းပညာ အားနည်းခြင်းကြောင့် သီးနှံအထွက်နှုန်း နည်းသည်။

ကျေးရွာ၏အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ကုလားပဲဖြစ်သည်။ နှမ်းသီးနှံထွက်နှုန်းမှာ အများဆုံး၂၀တင်းဖြစ်ပြီး အနည်းဆုံးမှာ ၁၀တင်း၊ တစ်ဧက ပျမ်းမျှ ထွက်နှုန်းမှာ ၁၅တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် လတ်သော်လည်း အကျိုးအမြတ်ရရှိမှု အခြေအနေမှာ အသင့်အတင့်ဖြစ်သည်။ ပဲတီစိမ်းစိုက်ပျိုးမြေမှာ ၅၀ဧကသာရှိပြီး အများဆုံး ၁၅တင်းဖြစ်ပြီး အနည်းဆုံးမှာ ၅တင်း၊ တစ်ဧကပျမ်းမျှထွက်နှုန်းမှာ ၁၀တင်းဖြစ်သည်။ သွင်းအားစု လိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေအနေမှာ နည်းသည်။

ကျေးရွာတွင် လက်တွန်းထွန်စက်(၂၆)စင်း၊ ရိတ်သိမ်းခြွေလှေ့စက်(၁)စင်း၊ ရေစုပ်စက်(၇)ခုနှင့် မြက်ရိတ်စက်(၁၁)သာတစ်ဦးချင်းပိုင်ဆိုင်ပြီး ထွန်စက်အား၁ဧက(၆၀၀၀၀)ကျပ်ဖြင့် အငှားလုပ် ကိုင်ကြသည်။ ရိတ်သိမ်းခြွေလှေ့စက်အား(၁)ဧက (၆၀၀၀၀)ကျပ်ဖြင့် အငှား

လုပ်ကိုင်ကြသည်။ စပါးရိတ်သိမ်းချိန်တွင် စက်ကိရိယာလုံလောက်မှု မရှိသောကြောင့် ရိတ်သိမ်းခြွေလှေ့စက်အား အရစ်ကျရောင်းချပေးသည့် အစီအစဉ်ရှိပါက ပိုမိုအဆင်ပြေနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ (၁၃၅)အိမ်ထောင်စုသာတပိုင်တနိုင်မွေးမြူကြသည်။ မွေးမြူထားသောအကောင်ရေမှာ ခိုင်းနွားဖ(၃၃)ကောင် ၊နို့စားနွား(၃၅)ကောင်၊ဝက်(၂၄)ကောင်၊ ကြက်(၉၀)ကောင်မွေးမြူကြသည်။ တိရိစ္ဆာန်များမှာအထူးသဖြင့် ခွာနာလျာနာ၊ ကြက်တုတ်ကွေး၊ ဝက်နာရောဂါများဖြစ်ပြီး ရောဂါကြောင့်သေဆုံးပျက်စီးဆုံးရှုံးမှာများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်တိရစ္ဆာန်ကုဋ္ဌီးစီးဌာနမှရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်ခြင်းကြောင့် လွှမ်းခြုံဆောင်ရွက် ပေးနိုင်မှု အားနည်းသည်။ အဓိကအခက်အခဲမှာ နည်းပညာဝန်ဆောင်မှုအခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသန့်လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်းရရှိမှုအခြေအနေတွင် သားငါးရောင်းရောင်းချရာတွင် သားသတ်လိုင်စင်ရရှိသူ၏ ခေါင်းပုံဖြတ်မှုခံရခြင်း၊ လွတ်လပ်စွာရောင်းချခွင့်မရကြပါ။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့် ပါတ်သတ်၍ အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်သူ (၁)ဦးမှာ ကွန်ပျူတာစက်ပန်းထိုးလုပ်ငန်းသာရှိသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ ထုတ်ကုန်လုပ်ငန်းတွင် နေ့စားသွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ အလှပြင်၊ ဈေးဆိုင်နှင့် ဈေးရောင်းခြင်း၊ ဝန်ထမ်းအနည်းငယ်နှင့် ပုဂ္ဂလိကစက်ရုံများတွင်လုပ်ကိုင်ကျသော နေ့စားဝန်ထမ်းများ ရှိသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှိခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာတတ်သော်လည်း ကျွမ်းကျင်မှုနည်းပါးသည်။ အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းထူတောင်ရန်ငွေးကြေးမတတ်နိုင်ကြပါ။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့် ပါတ်သက်၍ အိမ်တွင်းမှုလုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ မန္တလေးမြို့ရှိထုတ်ကုန်လုပ်ငန်းများဖြစ်သည့် ချည်မျှင်စက်ရုံ၊ ဘယ်လင်းကျေးရွာအနီးရှိ အထပ်သားစက်ရုံတွင် နေ့စားသွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ စက်ချုပ်၊ အလှပြင်၊ ဈေးဆိုင်နှင့် ဈေးရောင်းခြင်း၊ အစိုးရဝန်ထမ်း အနည်းငယ်သာရှိသည်။ ၎င်းလုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း အလုပ်အကိုင်နှင့် ဝင်ငွေနည်းခြင်း၊ လုပ်အားခနည်းခြင်းကြောင့် ဝင်ငွေနည်းသည်။ အသက်မွေးဝမ်းပညာ သင်တန်းများ တက်ရောက်ရန် နှင့် လုပ်ငန်းထူထောင်ရန်လည်းကုန်ကျစရိတ်နှင့် အရင်းအနှီး မတတ်နိုင်ကြပါ။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမငွေချေး

စနစ်တို့ ရှိသည်။

စိုက်ဘဏ်ချေးငွေသည် ကျေးရွာရှိတောင်သူများအား လယ်/ယာမြေအတွက် ချေးငွေသည် ပုံစံဂရှိသောလယ်မြေ တစ်ဧကလျှင် ၁၈၀၀၀၀၀ကျပ်ဖြင့် (၁၀)ဧကထိချေးငွေရရှိသည်။ **ချေးငွေရရှိပြီး ချေးငွေကာလမှာ ဖိလဖြစ်သည်။ အတိုးနှုန်းမှာ (၀.၈)ဖြစ်သည်။**

(စ)ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိ မူလတန်းကျောင်းတွင် ကျောင်းဆောင်(၃)ဆောင်ရှိသည်။ အလျားဖ၀ပေ၊ အနံ၂၀ပေဖြင့် သွပ်နံကပ်၊ အလျား၄၀ပေ၊ အနံ ဖ၀ပေဖြင့် သွပ်နံကပ်၊ အလျား၂၄ပေ အနံ၂၄ပေဖြင့် ထရံသွပ်ရှိပါသည်။ ကျောင်းဆောင်(၁)ဆောင်မှာ ပြုပြင်ရန်လိုအပ်ပါသည်။ ကျောင်းဆရာ အရေအတွက်မှာ အစိုးရခန့် မ(၆)ဦးရှိပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၃၆၅)စုရှိသော်လည်း ယင်လုံအိမ်သာ(၃၂၉)ရှိပြီး (၄၆)မှာ ယင်လုံအိမ်သာရှိသည့် အိမ်သို့ သွားရောက်အသုံးပြုကြသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာနှင့် ပါတ်သတ်၍ အိမ်တိုင်းနီးပါးတယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း(၄၂၀)လုံး၊ရေဒီယို(၂၀) လုံး၊ တီဗွီ (၃၆၀) လုံးနှင့် စလောင်း(၆)ခုရှိပါသည်။**MPT**နှင့် တယ်လီနောလိုင်းကောင်းပြီး အူရီဒူးလိုင်းသိပ် မကောင်းပါ။ဖုန်းများအသုံးပြုခြင်းအတွက် ဆက်သွယ်ရေးလွယ်ကူခြင်း၊ အင်တာနက် လိုင်းများပါ အသုံးပြုနိုင်သောကြောင့် မိုးလေဝသအခြေအနေနှင့် ပြင်ပဗဟုသုတများ သိရှိနိုင် ပါသည်။

(ဇ) အခြေခံ အဆောက်အဦ-လမ်းတံတား၊ လျှုပ်စစ်စွမ်းအား၊ သင်တန်းနှင့် ဆက်သွယ်ရေး

ကျေးရွာအဝင်တွင် ဇော်ဂျီမြစ်ကူးတံတား(၁၁၀'×၁၄'×၂၅') ကွန်ကရစ်တံတား(၁)စင်း၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်လွတ်တော် ရန်ပုံငွေဖြင့်တွင် အဆင်မြှင့်တင် တည်ဆောက်ထားသော ကွန်ကရစ်တံတား(၁၅'×၁၅'×၉'၅")၊ ကျေးရွာတွင်း(၈'×၁၀'×၅')ကွန်ကရစ်တံတား(၄)စင်း စုစုပေါင်း(၆)စင်းရှိပြီး ကောင်းမွန်လျက်ရှိသည်ကို တွေ့ရသည်။

ကျေးရွာတွင် လျှပ်စစ်မဟာဓါတ်အားလိုင်း အသုံးပြုအိမ်ထောင်စု(၃၄၀)စု၊ ဆိုလာစနစ် အသုံးပြုအိမ်ထောင်စု(၆)စု၊ ဘတ်ထရီအသုံးပြုအိမ်ထောင်စု(၁၇)စုနှင့် လျှပ်စစ်မီး အသုံးမပြုနိုင်သည့် အိမ်ထောင်စု(၂)စုရှိပါသည်။ လျှပ်စစ်ဓါတ်အားအပိုင် အိမ်ထောင်စု (၂၁၄)စုနှင့် အိမ်ထောင်စု(၁၂၆)စုမှာ လျှပ်စစ်မီးရရှိပြီးအိမ်များမှ (၁)လလျှင်(၅၀၀၀)ကျပ် ပေးပြီး လျှပ်စစ်မီး သုံးစွဲနေပါသည်။ ဆင်းရဲအိမ်ထောင်စုလျှပ်စစ်မီးရရှိရေးစီမံချက်ဆောင်ရွက်လျှင် အဆင်ပြေသည်။

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီးတယ်လီဖုန်း(၄၂၀)လုံး၊ရေဒီယို(၂၀) လုံး၊ တီဗွီ (၃၆၀) လုံးနှင့် စလောင်း(၆)ခုရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု မရှိခြင်း၊ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ထို့အပြင်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ရွာသူ/ ရွာသားများမှ အာမခံလုပ်ငန်းအပေါ် ယုံကြည်မှုနှင့် စိတ်ဝင်စားမှု နည်းသောကြောင့် ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေး ဆွဲထားခြင်းမရှိပါ။ ရွာသားများသည် လိုအပ်ပါက (၃)မိုင်ခန့်ကွာဝေးသော ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်သောကြောင့် ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းလည်းနည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်မည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာနှင့် အနီးတဝိုက်တွင် ဆေးဘက်ဝင်အပင်များ ၊သဲ၊ နှင့် မြေကျောက်များ အနည်းငယ် ထွက်ရှိသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ်(၁၁၃၉) ဦးရှိသဖြင့် ၎င်းလူငယ်များကို အသက်မွေးဝမ်းနည်းပညာများ သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တည်ဆောက်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်အလားအလာ ကောင်းပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်အတကူ လက်လှမ်းမှီနိုင်ကြသည်။ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ကျန်းမာရေး အခြေအနေဖြစ်ပေါ်လာပါက စဉ်ကိုင်မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်လည်း သင့်တော်သော ရေ၊ မြေ၊ ရာသီဥတု၊ မြေနေရာ အကျယ်ဝန်းနှင့် စိုက်ပျိုးမြေများလည်းရှိသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရန် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် နီးသောကြောင့် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်

ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် တစ်နှစ်ပါတ်လုံး အချိန်မရွေး၊ ယဉ်မျိုးစုံသွားလာနိုင်သည်။ တယ်လီဖုန်းဆက်သွယ်ရေးအနေဖြင့်လည်း အမ်ပီတီ၊ အူရီဒူး၊ တယ်လီနော၊ အမ်အီးစီး (၄)မျိုးလုံးဆက်သွယ်နိုင်သည့်အတွက် ဈေးကွက်နှင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ သိနိုင်ပါသည်။

လုံခြုံရေးအရလည်း နယ်မြေဒေသ အေးချမ်းသာယာပြီး လွတ်လပ်စွာ၊ လုံခြုံစွာ သွားလာနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ စိုက်ပျိုးမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ စိုက်ပျိုးမြေတိုးချဲ့ရန် နေရာမရှိပါ။ လယ်ယာသုံးစက်ကိရိယာလုံလောက်မှုမရှိ၊ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုစရိတ် ကုန်ကျမှုမြင့်သည်။ သီးနှံများအတွက် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း ကျရောက်တက်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ထောက်အပံ့များရရှိရန် လိုအပ်ပါသည်။ သွင်းအားစုနှင့် ကုန်ကျစရိတ်မြင့်မားသောကြောင့် အကျိုးအမြတ်နည်းသည်။ အတိုးနှုန်းသက်သာပြီး နှစ်ရှည်သင့်တော်သာသော စိုက်ပျိုးရေးချေးငွေမရရှိ။ လက်ရှိစိုက်ဘဏ် ချေးငွေစနစ်မှာ တောင်သူများအတွက် ထိရောက်မှုနည်းသည်။ စိုက်ပျိုး ထုတ်လုပ်ရောင်းချသော သီးနှံများ၊ ဈေးနှုန်းတည်ငြိမ်မှုမရှိ ကုန်သည်ပွဲစားများ၏ ခေါင်းပုံဖြတ်ခံ ကျရသည်။ ဈေးကွက်သို့ သွားရောက်ရောင်းချရန် ပုံမှန်ပြေးဆွဲသည့် အများပြည်သူသုံး ဘတ်စကားများမရှိ။ သီးခြားယဉ်ဌားရမ်းသယ်ယူပို့ဆောင်ရသောကြောင့် ကုန်ကျမှုစရိတ်များသည်။ ပွဲရုံများသို့ သွားရောက်ရောင်းချရာတွင်လည်း အလေးချိန်မှန်ကန်မှုမရှိ။ ရွှေးချယ်ရန်နည်းလမ်းနှင့် နေရာမရှိသောကြောင့် မဖြစ်မနေရောင်းချကြရသည်။ အစိုးရအနေဖြင့်လည်း အရေးယူကြီးကြပ် ဆောင်ရွက်ပေးခြင်းမရှိ။

မွေးမြူရေးတွင် ရာသီအလိုက်ရောဂါများ ကျရောက်လေ့ရှိသဖြင့် မွေးမြူသူများ နှစ်စဉ် ဆုံးရှုံးရတတ်သည်။ ၎င်းအတွက် ထိရောက်သော ကာကွယ်ဆေးထိုးခြင်း၊ နည်းပညာ ဝန်ဆောင်မှုများလည်း အချိန်မီကြပါ။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၁ ခုနှစ်ကုန်တွင် ကျေးရွာရှိ ဆင်းရဲသော အိမ်ထောင်စု (၃၆၅) သည် ဝမ်းစာဖူလုံပြီး မိသားစုဝင်ငွေ ၂၅% တိုးတက်ပြီးဖြစ်ရမည်။

(၂) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၁ ခုနှစ်ကုန်တွင် ကျေးရွာအတွက် အခြေခံ လူမှုအဆောက်အဦးများ ပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်မားနေပြီ ဖြစ်ရမည်။

(၃) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၁ ခုနှစ်ကုန်တွင် ကျေးရွာကို ကောင်းစွာ ဦးဆောင်နိုင်သော စီမံအုပ်ချုပ်မှု စွမ်းဆောင်ရည်ကောင်းသော လူမှု အဖွဲ့အစည်း အနည်းဆုံးတစ်ဖွဲ့မှ ဦးဆောင်နေနိုင်သည့်အ ပြင် ကျွမ်းကျင်သူ အနည်းဆုံး (၇) ဦးလည်း မွေးထုတ်ပြီး ဖြစ်ရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ပြုပြင်ခြင်းဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။

ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံ အဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများကို

အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

ခ.၃) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် ကုလားပဲ၊ ပဲစဉ်းငုံ၊ နှမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးကို ထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့

နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ် ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ အလားတူ နှစ်ရှည်ပင်စိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးမည့် အပင်အမျိုးအစားနှင့် အရင်းအနှီး လိုအပ်ချက်အပေါ်မူတည်၍ မြစိမ်းရောင်ချေးငွေနှင့် နှစ်ရှည်ချေးငွေများ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေ လိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

(င) ကျေးလက်စျေးဆောက်လုပ်ရေးနှင့် သားငါးလိုင်စင်လေလံများချထားမှု

ရွာသူ/သားများ မိမိတို့ အိမ်မွေးတိရိစ္ဆာန်များ ရောင်းချရာတွင် သား သတ်လိုင်စင် ရှိသူ၏ မတရား ဖမ်းဆီးခံ၊ မတရားစျေးနှိမ်ခြင်း၊ ခေါင်းပုံဖြတ်အနိုင်ကျင့်ခြင်းတို့ကို ခံနေကြရသည်။

သို့သော်ဒေသခံ ရွာသူ/သားများ မွေးမြူရေးမှ အကျိုးအမြတ်နည်းသည်။ အကယ်၍ လွတ်လပ်စွာ အခွန်လွတ် ရောင်းချနိုင်မည်ဆိုပါက မွေးမြူသူ တောင်သူများအနေဖြင့်လည်း ဝင်ငွေ တိုးလာမည် ဖြစ်ပြီး ဝယ်ယူစားသုံးသူများအနေဖြင့်လည်း သန့်ရှင်းလတ်ဆတ်သော အသားငါးတို့ကို ဈေးနှုန်း သက်သာစွာ ဝယ်ယူစားသုံးနိုင်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာအတွင်း ကိုယ်တိုင်မွေးမြူထုတ်လုပ်ကြသည့် တောင်သူများအား ကျေးရွာတွင်း အခွန်လွတ် သားငါးဈေးတည်ဆောက်ပေးရန်။ သားသတ်နှင့် မွေးမြူရေးလိုင်စင်ကို တောင်သူများနှင့် သင့်လျော်အောင် ဥပဒေပြင်ဆင်ရေးဆွဲပေးရန်။ ဒေသခံများ အကျိုးရှိစေမည့် အစီအစဉ်များဖြင့် စည်သွပ်စက်ရုံ/သားရေစက်ရုံ တည်ထောင်ပေးရန်။

မိမိတို့ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့ အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါမည်။

(စ) စိုက်/မွေးထုတ်ကုန်များ ဈေးကွက်မတည်ငြိမ်ခြင်းနှင့် အလေးတင်းတောင်းမှန်ကန်မှုမရှိခြင်း

စိုက်/မွေးထုတ်ကုန်ကြမ်းအလုံလောက် ထွက်ရှိသော်လည်း ဈေးကွက်မတည်ငြိမ်ခြင်းနှင့် ပွဲရုံများမှ အလေးတင်းတောင်းမ မှန်ခြင်းကြောင့် စိုက်/မွေးထုတ်ကုန်များ ရောင်းချရာတွင် တောင်သူများ အရှုံးပေါ်/အမြတ်နည်း/ ဝင်ငွေနည်းနေကြသည်။ အရေးယူမှု၊ ကြီးကြပ်မှု အားနည်းသည်။ ဈေးကွက်တည်ငြိမ်ရေးနှင့် အလေးတင်းတောင်းမှန် ကန်ရေး အစိုးရမှ ကြီးကြပ် ဆောင်ရွက်ပေးရန်/ အရေး ယူဆောင်ရွက်ပေးရန်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်ထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံခန့်ချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ

ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း *(Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း *(Economic classification)*တွင်သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များမန္တလေးလျှပ်စစ်ဓါတ်အားပေးကော်ပိုရေးရှင်

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ (စံပြကျေးရွာ)

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
<u>စီမံအုပ်ချုပ်မှုစနစ်ကဏ္ဍ</u>					
	<u>၁။</u> အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး	၆၆	၁၅	၁.အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း ၂.အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း ၃.စာရင်းနှင့် မှတ်တမ်းရေး သွင်းနည်းသင်တန်း ၄.ခေါင်းဆောင်မှု သင်တန်း၊ ၅.လေ့လာရေးခရီး ၆.အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း	ကျေးလက်ဦးစီးဌာန

စိုက်ပျိုးရေးကဏ္ဍ

၂။ စိုက်ပျိုးရေး ရရှိရေး	၁၀၀	၆	**၇. မြစ်ရေတင်စီမံကိန်း**	ဆည်မြောင်းဦးစီးဌာန
၃။ သီးနှံအထွက်တိုး	၇၂	၁၄	**၈. စပါးရိတ်သိမ်းခြွေလှေ့စက်အရစ်ကျရောင်းချခြင်း** **၉. ခိုင်းနွားထူထောင်ခြင်း** **၁၀. မျိုးကောင်းမျိုးသန့်ရရှိရေး**	စိုက်ပျိုးရေးဦးစီးဌာန
၄။ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများ	၇၈	၁၁	၁၁.သဘာဝမြေဩဇာပြုလုပ်နည်း ၁၂.သဘာဝပိုးသတ်ဆေးပြုလုပ်နည်း ၁၃.ကိုင်းကူး/ကိုင်းဆက်သင်တန်း ၁၄.ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းနည်းသင်တန်း ၁၅.စပျစ်စံပြစိုက်ခင်းထူထောင်ပေးခြင်း ၁၆.တောင်သူပညာပေးစခန်းဖွင့်လှစ်ခြင်း ၁၇.လေ့လာရေးခရီး	**စိုက်ပျိုးရေးဦးစီးဌာန**
မွေးမြူရေးကဏ္ဍ				
၅။ မွေးမြူရေးတိုးမြှင့်ခြင်း	၇၄	၁၃	**၁၈.တိရိစ္ဆာန်ကာကွယ်ဆေးထိုးခြင်း** ၁၉.တိမွေးကုသင်တန်း ၂၀.မေထုန်မဲ့သားစပ်ခြင်း ၂၁.မွေးမြူရေးချေးငွေထူထောင်ပေးခြင်း **၂၂.ဆင်းရဲဆုံးမိသားစုများတစ်ပိုင်တစ်နိုင်မွေးမြူရေး** **၂၃.တစ်ပိုင်တစ်နိုင်မွေးမြူရေး**	**မွေးမြူရေးဦးစီးဌာန**

			တိုးချဲ့ခြင်း ၂၄.အာဟာရတန်ဖိုးမြှင့်မြက်စိုက်ခင်းထူထောင်ခြင်း ၂၅.မွေးမြူရေးချေးငွေထူထောင်ပေးခြင်း	

<u>စိုက်ပျိုး မွေးမြူရေးမဟုတ် သော ဝင်ငွေရ လုပ်ငန်း များကဏ္ဍ</u>				
၇။အသက်မွေးဝမ်း လုပ်ငန်းများ တိုးမြှင့်ခြင်း	၈၉	၈	၂၈.တစ်ပိုင်တစ်နိုင်နှံ့ဆီချက်စက်ရုံတည်ထောင်ခြင်း ၂၉.ခေတ်မီစက်ကိရိယာများ ပံ့ပိုးခြင်း(စက်ချုပ်၊ဆံပင်ညှပ်၊ လက်သမား၊ပန်းရံ) ၃၀.စက်ယက္ကန်းလက် ယက္ကန်း ထူထောင်ခြင်း ၃၁.ရှောက်ယိုလုပ်ငန်း	ကျေးလက်ဦးစီးဌာန
<u>၈။ အသက်မွေးဝမ်းနည်း ပညာ</u>	၈၉	၈	၃၂ မလိုင်၊ဒိန်ချဉ်၊နို့ချဉ်၊ ထောပတ်	ကျေးလက်ဦးစီး

			ပြုလုပ်နည်းသင်တန်း၊	ဌာန
			၃၃စက်ချုပ်သင်တန်း	
			၃၄စက်ပြင်သင်တန်း	
			၃၅. မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း	
			၃၆.ရေခဲမုန့်ပြုလုပ်နည်းသင်တန်း	
			၃၇. ယက်ကန်းသင်တန်း	
			၃၈.သံဂဟေဆော်သင်တန်း	
ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ				
၉။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု	၆၀	၁၆	၃၉.အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေထူထောင်ခြင်း (မြစိမ်းရောင်စီမံကိန်း)	ပညာရေး ဦးစီးဌာန
ပညာရေးကဏ္ဍ				
၁၀။ ပညာရေးဆိုင်ရာအခြေခံ အဆောက်အဦဖွံ့ဖြိုးမှုစီမံချက်	၁၂၄	၄	၄၀.ကျောင်းဆောင်ပြုပြင်ခြင်း (အမိုး၊အခင်း၊ မျက်နှာကျက်၊ ၄၁.ဆရာအင်အားအလုံအလောက် ခန့်ထားပေးရန် ၄၂.ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ၄၃. ကျောင်းခြံစည်းရိုးကာရံခြင်း ၄၄.ကျောင်းသောက်ရေသန့်ရရှိရေး ၄၅. ကျောင်းအားကစားပစ္စည်း ထောက်ပံ့ခြင်း	ကျန်းမာရေး ဦးစီးဌာန

<u>ကျန်းမာရေးကဏ္ဍ</u>				
၁၁။ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံချက် -	၉၃	၇	၄၆.ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ၄၇. ကျင်းပပေးရန်ဆေးခန်းအတွက် လိုအပ်သောပရိဘောဂပစ္စည်း ထောက်ပံ့ပေးရန်ဆေးခန်းသုံး စက်ကိရိယာများ ထောက်ပံ့ပေးရန် ၄၈. အချိန်ပြည့်တာဝန်ထမ်းနိုင်သော ဆရာမထားပေးရန်	အားကစားနှင့် ကျန်းမာရေးဦးစီးဌာန
လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ				
<u>၁၄။ လူငယ်ဖွံ့ဖြိုးရေး</u>	၁၂၁	၅	၄၉.စာကြည့်တိုက်ဆောက်လုပ်ခြင်း ၅၀.နှစ်စဉ်စာပေဟောပြောပွဲကျင်းပခြင်း ၅၁.ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်း ၅၂.အင်္ဂလိပ်စာ၊ကွန်ပျူတာသင်တန်း ဖွင့်လှစ်ပေးခြင်း	ကျေးလက်ဦးစီးဌာန
<u>ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ</u>				လျှပ်စစ်
<u>၁၅။ ကျေးရွာလမ်းတံတား</u>	၁၄၈	၁	၅၃. ရွာတွင်းကွန်ကရစ်ခင်းခြင်း ၅၄. တံတားပြုပြင်ခြင်း	ကျေးလက်

				ဦးစီး ဌာန
<u>၁၆။ ကျေးရွာမီးလင်းရေး</u>	၇၇	၁၂	၅၅.ဆင်းရဲသားအိမ်ထောင်စုများ မီးလင်းရေးတိုးချဲ့ခြင်း	လျှပ်စစ်

(ဃ)အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး	၁၅					✓
၂။ပညာရေးဆိုင်ရာအခြေခံအဆောက်အဦးဖွံ့ဖြိုးမှု	၄			✓		

၃။ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုဖွံ့ဖြိုးရေး	၇		✓		
၄။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုတိုးတက်ရေး	၁၆				✓
၅။ လမ်းတံတား ဖွံ့ဖြိုးမှု	၁	✓			
၆။ ကျေးရွာမီးလင်းရေး ဖွံ့ဖြိုးမှု	၁၂			✓	
၇။ စိုက်ပျိုးရေးရှိရေး ဖွံ့ဖြိုးမှု	၆		✓		
၈။ စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုး	၁၁			✓	
၉။ သီးနှံထွက်တိုးရေး ဖွံ့ဖြိုးမှု	၁၄			✓	
၁၀။ မွေးမြူးရေး ဖွံ့ဖြိုးမှု	၁၃			✓	
၁၁။အသက်မွေးဝမ်းကျောင်းနည်းပညာ ဖွံ့ဖြိုးမှု	၈		✓		
၁၂။ အသေးစားဝင်ငွေတိုးလုပ်ငန်းများ ဖွံ့ဖြိုးမှု	၉			✓	
၁၃။ လူငယ် ဖွံ့ဖြိုးရေး	၅		✓		
၁၄။ သဘာဝဘေးလျော့ချရေး	၂			✓	
၁၅။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀			✓	
၁၆။ဆင်းရဲဆုံးနှင့် ထိခိုက်လွယ်မှုများလူမှု ကာကွယ် စောင့်ရှောက်ရေး	၃				✓

၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) သာမန်	ငွေလုံးငွေရင်း

		အသုံးစရိတ်			လူသားချင်းစာနာမှု ဆိုင်ရာ ထောက်ပံ့မှု
		အသုံးစရိတ်	ငွေလုံး ငွေရင်း စွမ်းဆောင် အသုံးစရိတ်	ရည်မြှင့် တင်ရေး	
	ကဏ္ဍစုံဖွံ့ဖြိုးရေး: အကောင်			√	
၁	အထည်ဖော် မည့်ဖွံ့စည်းပုံစနစ် တည် ဆောက် ခြင်း				
၂	စိုက်ပျိုးရေးရရှိရေး		√		
၃	သီးနှံစိုက်ပျိုးထုတ် လုပ်မှုစနစ်ပြောင်းလဲရေး		√		
၄	စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးမှု			√	
၅	မွေးမြူရေးဖွံ့ဖြိုးမှု			√	
၆	အသေးစား၊ အလတ် စား ထုတ်လုပ်မှု လုပ်ငန်း များပေါ်ထွက်လာရေးအတွက် နည်းပညာအကူအညီနှင့် သုတေသနလုပ်ငန်းများရရှိရေး: အရေးမဆိုခြင်း			√	
၇	အသက်မွေးဝမ်းကျောင်းနည်း ပညာ ဖွံ့ဖြိုးမှု		√		
	ပညာရေးဆိုင်ရာအခြေခံ			√	
၈	အဆောက်အဦဖွံ့ဖြိုးမှု				
၉	ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုဖွံ့ ဖြိုးရေးစီမံချက်ကျန်းမာရေးအ သိပညာပေးဟောပြောပွဲကျင်းပ ပေးရန်ဆေးခန်းအတွက်လိုအပ်ေ ောပရိဘောဂပစ္စည်းထောက်ပံ့ေ		√		

	ေးရန်ဆေးခန်းသုံးစက်ကိရိယာများ ထောက်ပံ့ပေး ရန်		
၁၀	အချိန်ပြည့်တာဝန် ထမ်းနိုင်သောဆရာမထားပေးရန် ဆင်းရဲဆုံးနှင့်ထိခိုက်လွယ်များလူမှုကာကွယ်စောင့်ရှောက်ရေး:	√	
၁၁	လူငယ်ဖွံ့ဖြိုးရေး:	√	
၁၂	လမ်းတံတားဖွံ့ဖြိုးရေး:		√
၁၃	ကျေးရွာမီးလင်းရေး: ဖွံ့ဖြိုးမှု	√	
၁၄	သဘာဝဘေးလျော့ချရေး	√	√
၁၅	သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်	√	
၁၆	ပရဆေးစိုက်ခင်းထူထောင်ခြင်း ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုတိုးတက်ရေးစီမံချက်	√	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က

ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကို လည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်း ပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များစိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့ အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍာအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေးခွဲ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊(၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊ပါဝင်သည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၈	၁၃	၃၁
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၁	၄၂	၇၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၈၈	၁၀၀	၁၈၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၅	၄၉	၁၀၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၂၀	၆၁၉	၁၁၃၉
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၆၁	၁၀၀	၁၆၁
စုစုပေါင်း		၇၇၃	၉၂၃	**၁၆၉၆**
စုစုပေါင်း အိမ်ထောင်စု		၃၆၅	**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၆၅**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စံပြကျေးရွာတွင် အိမ်ထောင်စုပေါင်း၃၆၅စု၊ လူဦးရေပေါင်း၁၆၉၆၊ ကျား(၇၇၃)၊ မ(၉၂၃) ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ ၄.၆၅ရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှလူဦးရေတိုးပွားမှု ၅ယောက်နှုန်းထက်လျော့နည်းသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ၁၁၃၉ဦး(၆၇%) ရှိပြီး မှီခိုလူဦးရေမှာ ၅၅၇ဦး (၃၃%) ရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ အသင့်အတင့် ရှိသည်ကို တွေ့ရပါသည်။ အလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများထောက်ပံ့ပေးခြင်း၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းများထူထောင်နိုင်ပြီဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သောဦးရေထက် အမျိုးသမီးဦးရေမှာ ၉၉ဦး ပိုများနေသည်ကို တွေ့ရပါသည်။ ၁နှစ်အောက်လူဦးရေမှာ၃၁ဦး(၁.၈%)ရှိသဖြင့် လူဦးရေ မွေးဖွားနှုန်းကို တွေ့ရသည်။ ၅နှစ်အောက်လူဦးရေမှာ ၇၃ဦး(၄.၃%)ရှိသဖြင့် ကာကွယ်ဆေးထိုးရမည့် အရေအတွက်ကို

အတိအကျသိရှိနိုင်သည်။မူလတန်းနှင့် အလယ်တန်းကျောင်းနေ အရွယ်လူဦးရေကို သိရှိရသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/ မရှိကို လွယ်ကူနှိုင်းယှဉ်သိရှိ နိုင်မည်ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝေစု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၅	၁၁၃	၅၄	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၅၃	၉၇	၇၅	မြင့်☑လတ်☐နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၃		မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၇	၂	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၈၅	၃၇၂	၁၃၂	မြင့်☑လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၈		မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၁	၂၄	၆	မြင့်☑လတ်☐နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၄		မြင့်☐လတ်☑နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့်□လတ်☑နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၄	၂၅	မြင့်☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	၂		မြင့်☑လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၅	၃၅	၁၉	မြင့်☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆	၇	၃	မြင့်☑လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၈	၂၂		မြင့်☑လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၇	၁၀	၄	မြင့်☑လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	၂		မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆	၁၀	၇	မြင့်□လတ်☑နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	/ ရာသီအလိုက် အလုပ်သမား				
၂	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၅		မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၃၆၅	၇၃၀		☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် အလုပ်သမားအဖြစ်လုပ်ကိုင်ကြပြီး ကျေးရွာ၏ အိမ်ထောင်စု(၃၆၅) အနက် စိုက်ပျိုးရေးအဓိကလုပ်ကိုင်သူ(၇၅)အိမ်ထောင်စုစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားလုပ်ကိုင်သူ အိမ်ထောင်စု (၅၃)၊ ကျောက်ထုတ်လုပ်ငန်းတွင် လုပ်ကိုင်သူ(၁)အိမ်ထောင်စု၊ ကုန်ထုတ်ကိုယ်ပိုင် အိမ်ထောင်စု(၅)စု၊ အငှားလုပ်ကိုင်သူအိမ်ထောင်စု(၈၅)စု၊ ဆောက်လုပ်ရေးပန်းရံ၊ လက်သမားအိမ်ထောင်စုကိုယ်ပိုင်(၄)စု၊ နေ့စားလုပ်ကိုင်သူအိမ်ထောင်စု(၂၁)စု၊ စက်ကိရိယာပြုပြင်ခြင်းလုပ်ငန်းကိုယ်ပိုင်လုပ်ကိုင်သူအိမ်ထောင်စု (၂)စု၊ နေ့စား/ လစားလုပ်ကိုင်သူ အိမ်ထောင်စု(၁)စု၊ ကျွမ်းကျင်ပညာရှင်အိမ်ထောင်စု(၃)စု၊ လက်လီ/ လက်ကားရောင်းဝယ်ရေး လုပ်ကိုင်သူအိမ်ထောင်စု(၂၅)စု၊ ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး အိမ်ထောင်စု(၁၈)စု၊ အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ အိမ်ထောင်စု(၁)စု၊ ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများအိမ်ထောင်စု(၄)စု၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းအိမ်ထောင်စု(၈)စုရှိပါသည်။၄င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မိသား စုဝင်လပ်အားမှာ ၇၃၀ ဦးရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင် ပျမ်းမျှမိသားစုဝင် လုပ်အားအနေဖြင့် ၂ ယောက်နှုန်း အလုပ်လုပ်နေကြရသည်ကို တွေ့ရသည်။အလုပ်လုပ်နိုင်သောအရွယ် ၁၁၃၉ ရှိသော်လည်း အလုပ်လုပ်နေသူ ၁၀၅၇ ဦး၊ အထက်တန်းကျောင်းနေ ၂၃ ဦး၊ တက္ကသိုလ်ကျောင်းတက်နေသူ ၁၄ ဦး၊ စုစုပေါင်း ၁၀၉၄ သာ ရှိသေးသဖြင့် ကျန် အလုပ်လုပ်နိုင်သောအရွယ် ၄၅ဦး မှာ အလုပ်လက်မဲ့/ အလုပ်မရှိကြောင်းတွေ့ရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၄၇၀၀	၄၇၀၀	၄၇၀၀	၄၇၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၄၀၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၅၀၀	-	၁၀၀၀	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	၂၀၀၀	-	၁၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	၃၀၀၀	-	၃၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစား(၇)မျိုးရှိသည်ကို တွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးနှင့် အနည်းဆုံးလုပ်အားခ ခွဲခြားမှုမရှိဘဲ တူညီစွာ၆၀၀၀ကျပ်လုပ်ခရရှိသည်။အမျိုးအမီးများ၏ အများဆုံးနှင့် အနည်းဆုံး လုပ်အားခ ခွဲခြားမှုမရှိဘဲ (၄၀၀၀)ကျပ်တူညီစွာရရှိသည်။ကုန်ထုတ်လုပ်ငန်းတွင် အမျိုးသား၊ အမျိုးသမီးခွဲခြားမှုအရှိဘဲ (၄၇၀၀)ကျပ် တူညီစွာရရှိသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ (၈၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ (၆၀၀၀)ကျပ်ဖြစ်သည်။ ပန်းရံ၊လက်သမားလုပ်ငန်းတွင် ဝင်ငွေခြားနားရခြင်းမှာ ကျွမ်းကျင်မှု အပေါ်မူတည်ခြင်း ဖြစ်သည်။အမျိုးသမီးများ၏ အများဆုံးလုပ်အားခနှင့် အနည်းဆုံး လုပ်အားခ ခွဲခြားမှု မရှိဘဲ (၄၀၀၀)ကျပ်ပျမ်းမျှဖြစ်ပါသည်။ ယာဉ်၊ စက်ကိရိယာ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေးတွင် အမျိုးသားများသာလုပ်ကိုင်ကြပြီး အများဆုံးလုပ်ခမှာ (၁၅၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ (၁၀၀၀)ကျပ်ဖြစ်ပါသည်။ ပညာရေးဆက်လက်မသင်နိုင်သည့် ကလေးငယ်များ

လုပ်ကိုင်သည်ကို တွေ့ရသည်။ ကျွမ်းကျင်ပညာရှင်လုပ်ငန်းတွင် အမျိုးသမီးများသာ လုပ်ကိုင်ကြပြီး အများဆုံး၊ အနည်းဆုံးခွဲခြားမှုမရှိပဲ လုပ်ခ(၃၀၀၀)ကျပ်ရရှိသည်။ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်းများတွင် အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိဘဲ လုပ်ခ(၃၅၀၀)ကျပ်ဖြစ်ပါသည်။ ဤလုပ်ငန်းအားလုံးတွင် အလုပ်အားလုံးတွင် အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှုချင်း တူသော်လည်း လုပ်အားခအနေဖြင့် ကျား/မ များများစားစားခွဲခြားမှုမရှိသည်ကို တွေ့ရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၁၇.၃	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၇	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၁	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၅.၂၅	ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၇၀.၅၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ၃၁၇.၃ဧက၊ ယာမြေ၁၇ဧက၊ ဥယျာဉ်ခြံမြေ (၃၁)ဧက၊ ကိုင်း/ကျွန်းမြေ၅.၂၅စုစုပေါင်းစိုက်ပျိုးမြေ၃၇၀.၅၅ဧကရှိသည်။ စိုက်ပျိုးမြေအားလုံး၏ မြေအရည်အသွေးမှာ အသင့်အတင့်ဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စသည်များ		
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ သဘာဝအရင်းအမြစ်များတွင် ဇော်ကျီမြစ်ရှိသော်လည်း သဲမသန့်ခြင်း၊ နှုန်းမြေများပါရှိခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အကြမ်းလုပ်ငန်းတွင်သာ အသုံးပြုနိုင်ပါသည်။ အနည်းငယ်အသုံးပြုကြပါသည်။ ကျေးရွာနှင့် (၂၀)မိုင်ခန့်သာဝေးသော မိုးကောင်းအုပ်စု ကျေးရွာအနီးရှိ တောင်ပေါ်မှကျသည့်သဲများသာ အများဆုံးအသုံးပြုလုပ်ကိုင်ကြသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်ရှိ ဘယ်လင်းတောင်မှ ကျောက်များထွက်ရှိသဖြင့် တွင်ကျယ်စွာ ထုတ်ယူအသုံးပြုကြသည်။ သဘာဝဆေးဘက်ဝင်အပင်များအနေဖြင့် ရှားစောင်းလက်ပက်၊ ဆင်တုံးမန္တယ်ပင်တို့ အနည်းငယ် ထွက်ရှိသော်လည်း သုံးစွဲရမည့် နည်းပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့် မြန်မာတိုင်းရင်းဆေးအဖြစ် အသုံးပြုနိုင်ခြင်းမရှိပါ။ ဓာတ်သတ္တုများနှင့် အခြားသဘာဝ ရင်းမြစ်များ မထွက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၇၈ကအထက်	၃၈ကနှင့်၇၈ကကြား	၃၈ကအောက်	မြေယာမဲ့
အိမ်အခြေအနေ	RC–(2)ထပ်၊ ကြွေပြားကပ်	သွပ်မိုး၊ နံကပ်၊ကွန်ကရစ်ကြပ်းခင်း(၂)ထပ်	သွပ်မိုး၊ ထရံကာ	ထရံမြေစိုက်အိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်၊ထောက်လှော်ဂျီ၊ ထော်လာဂျီ၊ကုန်တင်ကား၊Sky Net ၊ TVဇီမ်ခံကား၊ ရေခဲသေတ္တာ၊ ဆိုင်ကယ်(၃)စီး၊ ဖုန်း(၅)လုံးအထက်	လက်တွန်းထွန်စက်၊ နွား(၁)ရှဉ်း၊ TV၊ထော်လာဂျီ၊ ရေခဲသေတ္တာ၊ဆိုင်ကယ်(2)စီး၊ ဖုန်း(3)လုံးအထက်	ပေါက်ပြား၊သူရွင်း၊ (လက်သမား၊ပန်းရံသုံးကိရိယာ၊ TV၊ ရေခဲသေတ္တာ၊ ဆိုင်ကယ်(1)စီး၊ ဖုန်း(2)လုံးအထက်	ပေါက်ပြား၊သူရွင်း ဆိုင်ကယ်(1)စီး (လိုင်စင်မဲ့)၊ ဖုန်း(၁)လုံး
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး၊ အရောင်းအဝယ်၊	စိုက်ပျိုးရေး၊ အရောင်းအဝယ်	စက်ရုံဝန်ထမ်း၊စက်ချုပ်၊	ကျပန်း၊နေ့စား၊ပလပ်စတစ်ကောက်

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
	ကွန်ကရစ်လုပ်ငန်း၊ကွန်ပျူတာစက်ပန်းထိုး၊		ပန်းရံ၊လက်သမား၊ေငါင်းရွက်စျေးသည်	
အိမ်ထောင်စု	၁၆(၄%)	၆၇(၁၈.၄%)	၂၅၄(၆၉.၆%)	၂၈(၈%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရာ၏ ဥစ္စာဓန သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေများလည်း အရေးပါသည်။ကျေးရွာ၏ဥစ္စာဓနအဆင်း(၄)ဆင့်သတ်မှတ်ထားသည်။ အဆင်ပြေသောအဆင့် အိမ်ထောင်စု (၁၆)အိမ် (၄%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၆၇)စု(၁၈.၄%)၊ အပြေလည်သော အိမ်ထောင်စု (၂၅၄)စု(၆၉.၆%) နှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၂၈)စု(၈%)ရှိသည်။ထို့ကြောင့် အဆင်ပြေသော အဆင့်(၁၆)အိမ်(၄%)၊ အလယ်အလတ်အဆင့်(၆၇)အိမ်(၁၈.၄%)သာ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံမှု ရှိပါသည်။ ကျန်မပြေလည်သောအိမ်ထောင်စု(၂၅၄)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၂၈)စုသည် တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံမှု၏ ၈၅အိမ်(၃၀%)မှာ ချည်မျှင်စက်ရုံ၊ အထပ်သား စက်ရုံများတွင် အလုပ်လုပ်ကိုင်နေသည့်အတွက် ဝမ်းစာဖူလုံကြသည်ကိုတွေ့ရပါသည်။ (၈)အိမ်သာ ဝမ်းစာဖူလုံမှု မရှိကြောင်း တွေ့ရသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ၈ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့်(၃)မိသားစု၏ ၃၀%(၇၆)အိမ်နှင့် အဆင့်(၄)မိသားစု၏၃၀% (၈)အိမ် စုစုပေါင်း (၈၄)အိမ်ထောင်စုမှာ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည်။ အိမ်ထောင်စုများမှာ ၃လနှင့် ၆လကြားဝမ်းစာဖူလုံသူ(၈)အိမ်ထောင်စုရှိပြီး လုပ်အားခကြိုယူခြင်း၊ ငွေတိုးပေး သူများမှချေးယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီး ပြန်လည်ဆပ်ခြင်းဖြင့် ဖြေရှင်းကြသည်။.

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

